myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 31, 2019 Volume 21, Number 21

## ၃၁.၇.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၃၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၄၉၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၈/ကျပ် |
| CBM Rate | = ၁၅၀၉.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၂.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၂.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၃၆.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၀.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၂၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၂၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၅၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၀၈၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၁
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ထိုင်းငရုတ်သီးမျိုး ဈေးကွက်ရရှိနေသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန်လျာထား




ထိုင်းနိုင်ငံဈေးကွက်ရရှိနေသည့် ထိုင်းငရုတ်သီးမျိုးကို ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရန်ပြင်ဆင်နေကြောင်း မကွေးတိုင်းဒေသကြီးရှိတောင်သူလယ်သမားများထံမှ သတင်းရရှိသည်။အဆိုပါငရုတ်မျိုးကို မကွေးတိုင်းဒေသကြီးအတွင်းရှိ ငဖဲမြို့နယ် နှင့် ကျောက်ထုမြို့နယ်တို့ရှိ တောင်သူလယ်သမားသမဂ္ဂများမှ ၂၀၁၈ ခုနှစ်အတွင်း စမ်းသပ်စိုက်ပျိုးခဲ့ပြီး၊ ကနဦးစိုက်ပျိုးမှုအရ တောင်သူများ အကျိုးအမြတ်ရှိသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီး တောင်သူလယ်သမားသမဂ္ဂ အကြံပေး ဦးအောင်ကျော်ကျော်က အခုငရုတ်က ထိုင်းဘက်ကမျိုး ဒါကိုကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး ထိုင်းကိုပို့နေတယ်။ တောင်သူတွေ အများကြီးအကျိုးရှိကြတယ်။ အခုကတော့ ရှေ့ပြေးစီမံကိန်းအနေနဲ့ လုပ်ဆောင်ပြီး အောင်မြင်ခဲ့တာပေါ့လေဟု ဦးအောင်ကျော်ကျော်က ပြောသည်။ ယမန်နှစ်က တောင်သူလယ်သမားများကို ထိုင်းနိုင်ငံဘက်သို့ လေ့လာရေးခရီးထွက်ခဲ့ကြပြီး စမ်းသပ် စိုက်ပျိုးမှုများ လုပ်ဆောင်ကာ ငရုတ်များတင်ပို့နိုင်သည်အထိ အောင်မြင်ခဲ့ ကြောင်း၊ ငဖဲမြို့နယ်နှင့် ကျောက်ထုမြို့နယ်တို့တွင် ၁၅ ဧကစီဖြင့် စုစုပေါင်း ဧက ၃၀ စမ်းသပ်စိုက်ပျိုးကာ ကုမ္ပဏီတစ်ခုဖြင့် စာချုပ်ချုပ်ဆို တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။ ငဖဲမြို့နယ် တောင်သူလယ်သမား သမဂ္ဂဉက္ကဋ္ဌ ဦးသန်းစိုးက အခုစမ်းသပ်စိုက်ပျိုးမှုအရတော့ ကုန်ကျစရိတ်က ငွေကျပ် ၁၀ သိန်းလောက်ကုန်ပြီး ကိုယ့်အတွက် ကျပ် ၁၀ သိန်း လောက် ကျန်တယ်။ ကျွန်တော်ကိုယ်တိုင်အရတော့ ၅ ဧကလောက်ထပ်ချဲ့မယ်။ နောက်လုပ်ကိုင်ချင်တဲ့ တောင်သူတွေနဲ့ အကျိုးတူစာချုပ်ချုပ်ပြီး လုပ်ကိုင်ဖို့ မှန်းထားတယ်။ ဈေးကွက်အနေနဲ့ကတော့ ထွက်သလောက် ကုမ္ပဏီက ဝယ်ပေးတယ်။ ပြည်တွင်းဈေးနဲ့ ကြည့်ရင်တော့ အတက်ရှိသလို၊ အကျဖြစ်ရင်လည်း ဝယ်မယ့်သူတောင်မရှိဘူး။ အခုဈေးကွက်ကတော့ အာမခံစာချုပ် ချုပ်ထားတဲ့ ဈေးရပြီး၊ တက်ဈေးရှိရင်လည်း သင့်တင့်သည့် ဈေးတိုးပေးတယ်။ အဓိကကျွန်တော်တို့တောင်သူကတော့ စိုက်လို့ထွက်သလောက် ဈေးကွက်ရှိရင် အဆင်ပြေတာပေါ့ဟုပြောသည်။

အဆိုပါ ငရုတ်တစ်ဧကလျှင် ပိဿာချိန် ၃၀၀၀ မှ ၄၀၀၀ အကြား

ထွက်ရှိပြီး လက်ရှိစာချုပ် ချုပ်ဆိုရောင်းချမှုအရ တစ်ပိဿာလျှင် ၈၀၀ ကျပ်ဈေးဖြင့် ရောင်းချနေရကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2357240364361446?__tn__=K-R

## အိန္ဒိယနိုင်ငံ၌ ကြက်သွန်နီပြည်ပတင်ပို့မှုအပေါ် ပေးအပ်ထားသည့် ပို့ကုန်အကျိုးသက်သာခွင့်အား ရုတ်သိမ်းလိုက်ခြင်း

အိန္ဒိယနိုင်ငံ၌ စိုက်ပျိုးသီးနှံများအတွက် မုတ်သုံးမိုးရရှိမှုနည်းပါးပြီး အကျိုးဆက်အဖြစ် သီးနှံဈေးနှုန်းများ မြင့်တက်လာမည်ဟု ခန့်မှန်းလျက်ရှိရာ အိန္ဒိယအစိုးရသည် ပို့ကုန်လုပ်ငန်းရှင်များအား ပို့ကုန်အကျိုးသက်သာခွင့်ပေးအပ်ထားသည့်အစီအစဉ် (Merchandise Exports from India Scheme–MEIS) မှ ကြက်သွန်နီ ပြည်ပပို့ခြင်းအတွက် အကောက်ခွန်သက်သာခွင့်ကို ၁၁.၆.၂၀၁၉ နေ့တွင် ပြန်လည်ရုတ်သိမ်းလိုက်ပါသည်။ အိန္ဒိယ အစိုးရသည် MEIS အစီအစဉ်တွင် ကြက်သွန်နီတင်ပို့မှုအတွက် လွှဲပြောင်းနိုင်ခွင့်ရှိသော အကောက်ခွန်သက်သာခွင့် ၅% ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ထိုစဉ်က ပြည်တွင်းလက်ကားဈေးကွက်တွင် ရောင်းလိုအားများပြားပြီး ကြက်သွန်နီ တစ်ကီလိုလျှင် ၁ ရူပီးခန့်အထိ ဈေးနှုန်းများကျဆင်းနေသောကြောင့်ဖြစ်သည်။ ပို့ကုန်လုပ်ငန်းရှင်များအဖို့ ယခုနောက်ဆုံးရရှိခံစားခဲ့သော အကောက်ခွန်သက်သာခွင့် ၁၀% သည် ရာသီသီးနှံစိုက်ပျိုးထုတ်လုပ်သူများ၏ ကာလကြာရှည်စွာ ဝင်ငွေကျဆင်းနေမှုကို ကုစားရန်အတွက် အစိုးရက ၂၈.၁၂.၂၀၁၈ နေ့၌ ထပ်မံတိုးမြှင့်ပေးခဲ့သည့် အခွင့်အရေးဖြစ်ပြီး မူလအစီအစဉ်အတိုင်းဆိုပါက ဇွန်လကုန်အထိ ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အိန္ဒိယ ကြက်သွန်နီ တင်ပို့သူများအသင်း၏ဥက္ကဋ္ဌ Mr.Ajit Shah က နိုင်ငံတကာဈေးကွက်တွင် ကြက်သွန်နီဝယ်လိုအားမှာ ကောင်းမွန်လျက်ရှိကြောင်း၊ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် MEIS အရ အကျိုးဖြစ်ထွန်းမှုရှိသည့်အားလျော်စွာ ပြည်ပသို့ ကြက်သွန်နီ တင်ပို့မှုသည်လည်း မြင့်တက်လာခဲ့ကြောင်း၊ သို့ရာတွင် အစိုးရသည် လာမည့် စက်တင်ဘာ သို့မဟုတ် အောက်တိုဘာ၌ မဟာရတ္တရပြည်နယ်(Maharashtra) တွင် ပြုလုပ်မည့် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ မတိုင်မီ၌ ဖြစ်ပေါ်လာနိုင်ချေရှိသည့် ကြက်သွန်နီဈေးနှုန်းမြင့်တက်မည့် အခြေအနေကို ကြိုတင်ကာကွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

မဟာရတ္တရပြည်နယ် Lasalgaon mandi ကြက်သွန်နီ လက်ကားကုန်စည်ဒိုင်မှ ကုန်သည်အချို့ကမူ အစိုးရအနေဖြင့် MEIS အကျိုးသက်သာခွင့်ကို ရုတ်သိမ်းခြင်းမပြုသင့်ကြောင်း၊ လက်ရှိဈေးကွက်အခြေအနေမှာ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူနှင့်ဝယ်ယူစားသုံးသူများအတွက် သင့်တင့်မျှတသည့် အနေအထားဖြစ်ကြောင်း၊ ကုန်သည်များလက်ဝယ်တွင်လည်း လာမည့်ဒီဇင်ဘာလကုန်အထိ ပြည်တွင်းစားသုံးရန် လုံလောက်သော သိုလှောင်မှုပမာဏရှိကြောင်း၊ ယခုလုပ်ဆောင်ချက်သည် ဈေးနှုန်းကျဆင်းမှုဖြစ်စေပြီး မုတ်သုံရာသီကာလသီးနှံစိုက်ပျိုးရန် အတွက် ကြက်သွန်နီထုတ်ရောင်းမည့် တောင်သူများအပေါ် ထိခိုက်စေနိုင်ကြောင်း ပြောဆိုလျက်ရှိကြသည်။ လက်ရှိဈေးကွက်အတွင်း ကြက်သွန်နီတစ်ကီလိုဈေးနှုန်းမှာ လက်ကားဈေး ၁၃ ရူပီးခန့်နှင့် လက်လီ ဈေး ၂၀ ရူပီးမှ ၂၅ ရူပီး အကြားတွင်ရောင်းဝယ်မှုရှိနေပါသည်။ အစိုးရအနေဖြင့် NAFED ခေါ် အိန္ဒိယ အမျိုးသား စိုက်ပျိုးရေးဈေးကွက်နှင့် သမဝါယမအသင်းချုပ်မှတစ်ဆင့် အရန်ထားရှိမည့် ကြက်သွန်နီ တန်ချိန် ၅ သိန်းခန့်ကို ဝယ်ယူထားပါသည်။ အိန္ဒိယနိုင်ငံ၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ကနဦးစာရင်းများအရ ၂၀၁၈–၂၀၁၉ ခုနှစ် (ဇွန်မှဇူလိုင်) သီးနှံစိုက်ပျိုးထုတ်လုပ်မှုကာလအတွင်း ကြက်သွန်နီတန်ချိန်ပေါင်း ၂၃.၆၂ သန်းခန့် ထွက်ရှိမည်ဟုခန့်မှန်းထားရှိရာ ၂၀၁၇–၂၀၁၈ ရာသီကာလထက် တန်ချိန် ၀.၂၆ သန်းခန့် ပိုမိုတိုးတက်ဖွယ်ရှိသည်။ အိန္ဒိယနိုင်ငံ၏ ကြက်သွန်နီအဓိကတင်ပို့ရာနိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ သီရိလင်္ကာနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု တို့ဖြစ်ပြီး၊ အိန္ဒိယနိုင်ငံ လယ်ယာထွက်ကုန်နှင့် ပြုပြင်ပြီးစားသောက်ကုန် ပြည်ပတင်ပို့မှုဖွံ့ဖြိုး တိုးတက်ရေး အာဏာပိုင်အဖွဲ့ (APEDA) ၏ စာရင်းများအရ ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ကြက်သွန်နီတန်ချိန် ပေါင်း ၁.၉ သန်း (တန်ဖိုးအားဖြင့် ဒေါ်လာ ၄၁၀ သန်းခန့်) တင်ပို့နိုင် ခဲ့ကြောင်း သိရသည်။

**Source:** www.thehindubusinessline.com

**စီးပွားရေးသံမှူး-အိန္ဒိယ**

## ဆော်ဒီသို့ မြန်မာ့ရေထွက်ကုန်များ တစ်နှစ်ကျော်ကြာသော်လည်း ပြန်လည်တင်ပို့နိုင်ခြင်းမရှိသေး

ဆော်ဒီနိုင်ငံသို့မြန်မာ့ရေထွက်ကုန်ပစ္စည်းများ တစ်နှစ်နှင့်သုံးလကြာနေပြီဖြစ်သည့်တိုင် ပြန်လည်တင်ပို့နိုင်ခြင်း မရှိသေးဘဲ ယင်းနိုင်ငံ၏အကြောင်း ပြန်ကြားချက်ကိုသာ စောင့်ဆိုင်းနေရကြောင်းသိရသည်။ ဆော်ဒီအာရေဗီးယား နိုင်ငံ ပတ်ဝန်းကျင်၊ ရေနှင့်စိုက်ပျိုးရေးဝန်ကြီးဌာန၊ ဆော်ဒီနိုင်ငံအစားအသောက်နှင့် ဆေးဝါးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း (SFDA) အဖွဲ့နှင့် ဆော်ဒီနိုင်ငံငါးမွေးမြူ ရေးလုပ်ငန်းအသင်းအဖွဲ့တို့မှ အဖွဲ့ဝင်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ သည် ၂၀၁၈ခုနှစ် ဇန်နဝါရီလအတွင်း ဗီယက်နမ်နိုင်ငံရှိ ဆော်ဒီနိုင်ငံသို့ ငါး၊ ပုစွန်၊ ရေထွက်ပစ္စည်းတင်ပို့နေသော စက်ရုံပေါင်း ၂၄ရုံသို့ သွားရောက်လေ့လာစစ်ဆေးခဲ့ရာ ဆော်ဒီနိုင်ငံမှသတ်မှတ် ထားသော ကျန်းမာရေးနှင့်သန့်ရှင်းမှုဆိုင်ရာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော စက်ရုံကိုးရုံသာရှိသည့်အပေါ် ဗီယက်နမ်နိုင်ငံမှ ရေထွက်ပစ္စည်းတင်သွင်းမှုကို ၂၀၁၉ ခုနှစ် မတ် ၁ရက်မှစတင်ယာယီပိတ်ထားခဲ့ပြီး SFDA အဖွဲ့သည်ဗီယက်နမ်အပြင် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံ တို့မှ ရေထွက်ပစ္စည်းများ တင်သွင်းမှုကိုလည်း ၂၀၁၉ခုနှစ်ဧပြီလမှစတင်၍ ယနေ့အချိန်အထိ ပိတ်ပင်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်ပပို့ကုန်အရည်အသွေးစစ်ဆေးရေး ဌာနစုတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်က ဆော်ဒီကတော်တော်ကြာနေပါပြီ။ ဆော်ဒီ SFDA ကကျွန်တော်တို့ဆီကို ဧပြီသကြံန်ပြီးနောက်ပိုင်းမှာ မေးခွန်း တွေ ထပ်ပို့လာတယ်။ SFDA က အသား၊ ငါး၊ စိုက်ပျိုးရေး၊ ဆေးရော အကုန်ပေါင်းထားပြီး တာဝန်ယူ ကိုင်ပေမယ့် ကျွန်တော်တို့ဆီမှာက ဌာနကွဲနေတော့ မွေးကုနဲ့စိုက်ပျိုးရေးကို စာနဲ့မေးခွန်းတွေဖြေခိုင်းတယ်။ မေးခွန်းပေါင်းအများကြီးကိုဖြေဆိုပြီး ဆော်ဒီကိုပြန်ပို့ပေးထားပြီးပါပြီ။ ဆော်ဒီရဲ့ပြန်အကြောင်းပြန်ကြားချက်ကို စောင့်ဆိုင်းနေတာဖြစ်ပါတယ်ဟု ဇူလိုင် ၂၅ရက်က ပြောသည်။

မြန်မာနိုင်ငံမှရေထွက်ကုန်များပြည်ပနိုင်ငံများသို့ တင်ပို့မှု၏ ၃၀ ရာခိုင်နှုန်းကို ဆော်ဒီအာရေဗီးယားနိုင်ငံသို့ တင်ပို့နေရပြီး နှစ်စဉ် အမေရိကန်ဒေါ်လာသန်း၃၀ အထက်ရရှိခဲ့ကြောင်းသိရသည်။ ရေလုပ်ငန်းရှင်ဦးအောင်နိုင် ဖြိုးက ဆော်ဒီဈေးကွက်က ဘယ်အချိန်ပြန်ပို့လို့ရမယ်မသိသေးတော့ တခြားဈေးကွက်တွေကို ပြောင်းတင်ပို့နေကြ တယ်။ ဆော်ဒီကဇာတ်မျောကြီးလိုဖြစ်နေတာ။ အခုပဲပို့လို့ရတော့မယ်ထင်၊ အခုပဲပိတ်ထားလိုက်ဆိုတော့ တခြား ဈေးကွက်ပြောင်းကြတာပေ့ါ။ ဈေးရရှိတာ နည်းနည်းကွာပေမယ့် ဈေးကွက်ကမသေချာဘူး။ ငါးဈေးတွေ ကလည်း ဒီနှစ်ကောင်း နေတယ်လေ။ ဈေးကောင်းတော့ အိတ်စ်ပို့လည်း ဈေးပေးတာပေ့ါဟုပြောသည်။

ဆော်ဒီအာရေဗီးယားနိုင်ငံသို့ မြန်မာနိုင်ငံမှ ငါး၊ ပုစွန်ရေထွက်ကုန်ပစ္စည်းများတင်ပို့နေသော စက်ရုံ ၂၄ ရုံရှိပြီး ယင်းစက်ရုံများအပြင် စက်ရုံများမှ ငါးကုန်ကြမ်းများကိုဝယ်ယူသည့် ငါးမွေးမြူရေးကန်များကိုလည်း ဆော်ဒီမှ လာရောက်စစ်ဆေးမည်ဖြစ်သဖြင့် ပို့ကုန်လုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ပြင်ဆင် ထားရန်လိုအပ်ကြောင်း သိရသည်။

**Source:democracytoday**

https://yangonmedia.com/business/%e1%80%b1%e1%80%86%e1%80%ac%e1%80%b9%e1%80%

## ဒေသတွင်းငွေပေးချေမှု စနစ်တစ်ခုပေါ်ပေါက်ရေး အာဆီယံကြိုးပမ်းနေ

ဒေသတွင်း ငွေပေးချေမှုများဆိုင်ရာ စနစ်တစ်ခု ဖြစ်ပေါ်လာရေးအတွက် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ဝင်နိုင်ငံတွေ လုပ်ဆောင်နေလျက်ရှိကြောင်းသိရပါတယ်။ လက်ရှိမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒစ်ဂျစ်တယ် စီးပွားရေးက နောက်ထပ်အရေးပါတဲ့မောင်းနှင်အားတစ်ခုဖြစ်လာနေချိန်မှာ ခုလိုလုပ်ဆောင်နေတာ ဖြစ်ကြောင်းသိရပါတယ်။ ဒစ်ဂျစ်တယ်စီးပွားရေးက ပိုပြီးအရေးပါလာနေပါပြီ၊ ပိုပြီးလည်းပြန့်နှံ့လာပါတယ်၊ ဒီတော့ ငွေပေးချေမှုဆိုင်ရာ လမ်းစတစ်ခုနဲ့ပတ်သက်လို့ စိတ်ဝင်စားမှုတွေ ပိုများလာနေတယ်လို့ထင်ပါတယ်ဆိုပြီး အာဆီယံ အတွင်းရေးမှူးချုပ် Lim Jock Hoi က ဇူလိုင် ၂၉ ရက်မှာ ဘန်ကောက်မှာကျင်းပတဲ့ သုံးကြိမ်မြောက် အာဆီယံ မီဒီယာဖိုရမ် ဘေးပန်းပြင်ပမှာ ပြောဆိုသွားခဲ့ပါတယ်။

အာဆီယံဒေသ ကုန်သွယ်မှုအတွက် ငွေပေးချေမှု စနစ်တစ်ခု ပေါ်ထွက်လာရေး လုပ်ဆောင်နေလျက် ရှိကြောင်း၊ ဆယ်နိုင်ငံအုပ်စုက ဘဏ္ဍာရေးဝန်ကြီးတွေ၊ ဗဟိုဘဏ်တာဝန်ရှိသူတွေဟာ ယင်းစနစ်တစ်ခုအတွက် လုပ်ဆောင် နေလျက် ရှိကြောင်း၊ သို့ပေမယ့် အတားအဆီးအခက်အခဲတစ်ချို့ကိုလည်း ဖြေရှင်းသွားဖို့လိုနေကြောင်း Mr Lim က

ပြောကြား သွားခဲ့ပါတယ်။ ဒီလိုစနစ်မျိုး ဘယ်အချိန်ဖြစ်လာမလဲဆိုတာတော့ အတိအကျပြောလို့မရသေးပါဘူး၊ ဒါပေမယ့် ဒီစနစ်အတွက် လုပ်နေတယ်ဆိုတာကိုတော့ ပြောနိုင်ပါတယ်လို့ ၎င်းကထပ်လောင်း ပြောကြားသွားပါတယ်။

**Source:** https://www.channelnewsasia.com/.../asean-working-towards-reg...
SFJ Strategy First Journal

## ယခုလနောက်ဆုံးရက် ပြည်တွင်းရွှေဈေး ကျပ် (၁၁၄၇၀၀၀)ကျပ်ဝန်းကျင်သို့ရောက်ရှိ




ဇူလိုင်လ နောက်ဆုံးပတ် ပြည်တွင်းရွှေဈေးနှုန်းမှာ အကယ်ဒမီရွှေတစ်ကျပ်သားလျှင် ကျပ် (၁၁၄၇၀၀၀) ဝန်းကျင်သို့ ရောက်ရှိနေကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ သိရသည်။

ယခင်အပတ် ဇူလိုင်လ ၂၂ ရက်က အကယ်ဒမီရွှေတစ်ကျပ်သားလျှင် (၁၁၄၈၀၀၀) ကျပ် ဝန်းကျင်ရှိသဖြင့် ယခုအပတ် ပြည်တွင်းရွှေဈေးနှုန်းသည် အတက်ဈေးတွင် ငြိမ်နေသည်ဟု ရွှေလုပ်ငန်းရှင်များကဆိုသည်။ ဒီလတွေက ပုံမှန်အေးတဲ့လေ အခုလို ဈေးတက်ချိန်ဆိုတော့ ပိုဆိုးတာပေါ့။ ဈေးကလည်း ဆက်တက်ဖို့တော့ရှိတယ်ဟု ဦးထုံရွှေဆိုင်မှ ဦးကျော်ဝင်းက ပြောသည်။

ယင်းကဲ့သို့ ပြည်တွင်းရွှေဈေးနှုန်းအပြောင်းအလဲနည်းပါးနေခြင်းမှာ ကမ္ဘာ့ဈေးနှုန်းအပြောင်းအလဲနည်းပါးနေ ခြင်းကြောင့်ဖြစ်သည်။ ဇူလိုင်လ ၂၂ ရက် ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ (၁၄၂၇) ဒေါ်လာဝန်းကျင်မှ ဇူလိုင်လ ၃၀ ရက်တွင် အမေရိကန်ဒေါ်လာ (၁၄၂၅) ဒေါ်လာဝန်းကျင်သို့ အနည်းငယ်ပြောင်းလဲခဲ့သည်။

**Source:** http://www.betvmyanmar.com/my/news/

## မကွေးတိုင်း ရေနံချောင်း ကိုင်းမြေများ၌ ပန်းစိုက်သူနည်းလာ၍ ဈေးကွက်လိုအပ်ချက်အရ မန္တလေးစိုက်ပန်းများ အရောင်းသွက်နေ



ရေဝတီမြစ်ရေတက်သောကြောင့် မကွေးတိုင်း ရေနံချောင်းမြို့နယ်ရှိ ကိုင်းမြေများ၌ ပန်းစိုက်သူနည်းလာ၍ ဈေးကွက် လိုအပ်ချက်အရ ပြင်ဦးလွင်နှင့် မန္တလေးတစ်ဝိုက်စိုက်ပျိုးသည့် ပန်းများကို မှာယူရောင်းချနေရကြောင်း ရေနံချောင်းမြို့ ပန်းဈေးကွက်မှ သိရသည်။ ဇူလိုင်နောက်ဆုံးပတ်ကစပြီး မြစ်ရေ တက်လာကာ ပန်းအခိကစိုက်တဲ့ ကျေးရွာတွေမှာ ရေဝင်တော့ ပန်းမစိုက်ဘဲနားနေရတယ်။ ရေမတက်ပေမယ့် စိုက်တဲ့တောင်သူတွေကလည်း နည်းလာတော့ ပန်းက နည်းနည်းပဲ ဝင်တော့တယ်။ ဈေးကွက်လိုအပ်ချက်အရ မန္တလေးနဲ့ပြင်ဦးလွင်ဘက်က ပန်းတွေကို အရောင်းအဝယ် လုပ်နေရတယ်။ အရောင်းသွက်တယ်ဟု ရေနံချောင်းမြို့နယ်က ပန်းရောင်းဝယ်သည့်ဒေါ်နုနုရီထံမှသိရသည်။ ပြင်ဦးလွင်နှင့် မန္တလေးဘက်မှပန်းများဖြစ်သည့် ဂန္ဓမာပန်းအဖြူတစ်စည်း ကျပ် ၁၀၀၀၊ အနီတစ်စည်း ကျပ် ၅၀၀၊ သစ္စာပန်း တစ်စည်း ကျပ် ၅၀၀၊

ပန်းထိမ်ငိုပန်းတစ်စည်း ကျပ် ၁၀၀၀၊ ဇော်ကျားပန်းတစ်စည်း ကျပ် ၃၀၀ ပေါက်ဈေးရှိသည်။ အဆိုပါ မန္တလေးနှင့် ပြင်ဦးလွင်မြို့များမှ စိုက်ပန်းများကို ရေနံချောင်း၊ မကွေးနှင့် ပြည်မြို့များသို့ မော်တော်ယာဉ်များဖြင့် တင်ပို့ ရောင်းချကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/126296.html

## ဂျပန်မှာ အမျိုးသမီးဝန်ထမ်းလုပ်သားဦးရေ စံချိန်တင်မြင့်တက်လာ

ဂျပန်နိုင်ငံရဲ့ အလုပ်သမား အင်အားစုထဲမှာ ပူးပေါင်းပါဝင်လာတဲ့ အမျိုးသမီးအရေအတွက်ဟာ စံချိန်တင် မြင့်တက်လာခဲ့တယ်လို့သိရပါတယ်။ ယင်းကတော့ လုပ်သားရှားပါးမှုပြဿနာနဲ့ လုံးပန်းနေရတဲ့ နိုင်ငံတစ်နိုင်ငံ အတွက်ကတော့ သတင်းကောင်းတစ်ရပ်ဖြစ်လာခဲ့ပါတယ်။ သို့ပေမယ့်လည်း အမျိုးသမီးအများစုကတော့ အချိန်ပိုင်း အလုပ်တွေကိုသာ လုပ်နေကြတာဖြစ်တဲ့အတွက် ကောင်းစွာပညာသင်ယူထားတဲ့ ဂျပန်အမျိုးသမီးတွေ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင်းက အလုပ်အကိုင်နေရာတွေဆီ ရောက်ရှိလာဖို့အတွက်ကတော့ ခက်ခဲနေဆဲဖြစ်ပါ တယ်။ ပြီးခဲ့တဲ့ ဇွန်လတုန်းက နိုင်ငံမှာ အလုပ်လုပ်ကိုင်နေသူ အမျိုးသမီးဦးရေဟာ ၃၀ ဒသမ ၀၃ သန်းရှိခဲ့တယ်လို့ ဂျပန်ပြည်ထဲရေးဝန်ကြီးဌာန အချက်အလက်တွေအရသိရပါတယ်။ ဒါဟာ အမျိုးသမီး လုပ်သားဦးရေ သန်း ၃၀ ရဲ့ အထက်ကိုပထမဆုံးကျော်လွန်ခဲ့ တာလည်းဖြစ်ပါတယ်။

နိုင်ငံမှာ အလုပ်လက်မဲ့ဖြစ်မှုနှုန်းကတော့ ၂ ဒသမ ၃ ရာခိုင်နှုန်းဖြစ်ပြီး ယခင်အစောပိုင်းလကထက် ၀ ဒသမ ၁ ရာခိုင်နှုန်းကျသွားတယ်လို့သိရပါတယ်။ ဂျပန်ရဲ့စုစုပေါင်းလုပ်သားအင်အားကတော့ ၆၇ ဒသမ ၄၇ သန်းရှိပြီး ယင်းတို့အနက် ၄၄ ဒသမ ၅ ရာခိုင်နှုန်းဟာ အမျိုးသမီးတွေဖြစ်တယ်လို့သိရပါတယ်။

**Source:** https://asia.nikkei.com/.../Japan-sees-record-number-of-women...

SFJ Strategy First Journal

## ဝဥ အမှုန့်ကြိတ်စက်ရုံ တည်ဆောက်ပြီးစီးပါက ဂျပန်နိုင်ငံသို့ အဆင့်မြင့်ထုတ်ကုန်အဖြစ် တင်ပို့ရောင်းချမည်

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ငါးဖောင်ကန်ကျေးရွာတွင် ဆောက်လုပ်ဆဲဖြစ်သော ဝဥအမှုန့်ကြိတ်စက်ရုံ တည်ဆောက်ပြီးစီးသွားပါက အဆင့်မြင့်ထုတ်ကုန်ကုန်ချောအဖြစ် ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ပခုက္ကူမြို့ ဝဥအမှုန့်ကြိတ်စက်ရုံပိုင်ရှင် ဒေါ်ကီးလိန်းအွယ်(ရွှေနရုံဝဥရောင်းဝယ်ရေး) မှ ပြောပြသည်။ ၂၀၁၉ ခုနှစ် မေလပိုင်းကစ၍ ပခုက္ကူမြို့နယ် ငါးဖောင်ကန်ကျေးရွာအနီးတွင် ဝဥအမှုန့်ကြိတ်စက်ရုံကို တည်ဆောက်ခဲ့ပြီး ယခုအခါတွင် စက်ရုံတည်ဆောက်မှုမှာ ၇၅ ရာခိုင်နှုန်းထိ ပြီးစီးနေပြီဖြစ်ကြောင်း စက်ယန္တရားတပ်ဆင်မှု မှာလည်း ၇၅ ရာခိုင်နှုန်းထိ ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျန်ရှိသေးသည့် စက်ရုံနှင့်ပတ်သက်သည့် လုပ်ငန်းများကို ၂၀၁၉ ခုနှစ် စက်တင်ဘာ လပိုင်းမှာ အပြီးဆောင်ရွက်ပြီး ဒေသအသီးသီးမှ ဝဥကုန်ကြမ်းများကိုဝယ်ယူကာ အဆင့်မြင့် ပါကင်အမှုန့်ထုပ်ပြုလုပ်၍ ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## တရုတ်နိုင်ငံမှဆန်များ ပြန်လည်ဝယ်ယူတော့မည်ဆိုသောသတင်းကြောင့် ရွှေဘိုဒေသ၌နှစ်ပေါင်းများ ဈေးအနည်းငယ်မြင့်တက်လာ

တရုတ်နိုင်ငံမှ မြန်မာပြည်ထွက်ဆန်များ ပြန်လည်ဝယ်ယူတော့မည်ဆိုသောသတင်းကြောင့် စစ်ကိုင်းတိုင်း ဒေသကြီး ရွှေဘိုခရိုင်ဒေသရှိ သဖန်းဆိပ်ဆည်ရေဖြင့် စိုက်ပျိုးရာမှထွက်ရှိလာသောနှစ်ပေါင်းများ အရောင်းအဝယ် သွက်လာကာ ဈေးအနည်းငယ်မြင့်တက်လာကြောင်း ဒေသခံများထံမှသိရသည်။ နှစ်ပေါင်းဈေးနှုန်း ဈေးကွက်၌ အေးစက်နေသောအချိန်တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အကြား ပထမအကြိမ် ကုန်စည် ဖလှယ်သည့်စနစ်နှင့် ဆန်တန်ချိန် တစ်သိန်းတင်ပို့ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသည်ဟု မီဒီယာများ ဖော်ပြချက်အရ ယခုအခါနှစ်ပေါင်းဈေးများ အနည်းငယ်မြင့်တက်လာနေခြင်းဖြစ်သည်။

နှစ်ပေါင်းတွေ လှိုင်လှိုင်ရိတ်သိမ်းနေစဉ်တုန်းက တရုတ်ဈေးကွက်ပျက်နေတဲ့အချိန်မှာ ဒီနေ့ ပေါက်ဈေးထက် ကျပ် သုံးသောင်းကျော်၊ ငါးသောင်းလောက်နည်းပါးပါတယ်။ အခုတော့ တရုတ်ကပြန်ဝယ်မယ်ဆိုရုံနဲ့တင် စပါးဈေး အရောင်းအဝယ်ပြန်သွက်လာကာ ဈေးလဲအနည်းငယ် မြင့်တက်လာတယ်ဟု ဝက်လက်မြို့နယ်ရွာသာကြီး

စံပြကျေးရွာမှတောင်သူ ကိုမြတ်ကပြောကြားသည်။

ယခုအခါ နှမ်းစပါးများကို ဒေသခံဆန်စပါးပွဲစားများက လာရောက်ဝယ်ယူနေကြရာ ဒေသ အခေါ် ၇၄၇ စပါးတင်း ၁၀၀ လျှင် ကျပ် ၅၅၀၀၀၀၊ အသွယ်စ စပါးတင်း ၁၀၀ ကျပ် ရွှေဘိုပေါ်ဆန်း ဘောကြားစပါးတင်း ၁၀၀ ကျပ် ၁၆ သိန်းဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိလာသည့်အတွက် ယခင်ထက်စပါးဈေး ကျပ်သုံးသောင်းကျော်မှ ကျပ်ငါးသောင်းခန့်အထိ ဈေးပိုမိုမြင့်တက်လာကြောင်းသိရသည်။

**Source: democracytoday**

https://yangonmedia.com/business/%e1%80%90%e1%82%90%e1%80%af%e1%80%90%e1

## တရုတ်ဝယ်လိုအားကြောင့် နှမ်းမျိုးစုံဈေးကောင်းရ



ယခုရက်ပိုင်းမန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ကုန်စည်ဈေးကွက်တွင် တရုတ်နိုင်ငံမှ ဝယ်လိုအားမြင့်တက်လာသောကြောင့် နှမ်းမျိုးစုံမှာ ဈေးကောင်းရရှိလျက်ရှိပြီး ပြည်ပသို့ပုံမှန်တင်ပို့မှုရှိနေသည့် ပဲအမျိုးအစားများမှာ ဈေးနှုန်းတည်ငြိမ်စွာဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ပဲကုန်သည်များနှင့်စက်ပိုင်များထံမှသိရသည်။ နှမ်းကို တရုတ်ကုန်သည်တွေ ရန်ကုန်ဘက်က ဝယ်လက်တွေရှိတဲ့အတွက် ဇူလိုင်လနောက်ဆုံးပတ်အတွင်းမှာ ဈေးနှုန်းသိသိသာသာမြင့်တက်လာတာဖြစ်ပြီး နှမ်းအရောင်စုံအားလုံး ဈေးကွက်ကောင်းနေပါတယ်။ မကြာခင်မှာလည်း မိုးနှမ်းအသစ်တွေဝင် ရောက်လာတော့မှာဖြစ်လို့ လက်ရှိပေါက်ဈေးထက်မကျဘူးဆိုရင်တော့ တောင်သူနဲ့ကုန်သည်တွေ အကျိုးအမြတ်ပိုမိုရရှိနိုင်မှာပါ။

ပဲစင်းငုံနဲ့မတ်ပဲကို အိန္ဒိယနိုင်ငံနဲ့ပဲတီစိမ်းကို တရုတ်နိုင်ငံကနေပုံမှန်အတိုင်းဝယ်ယူတာကြောင့် ဈေးနှုန်း တည်ငြိမ်စွာနဲ့ အရောင်းသွက်နေသလို စားတော်ပဲကတော့ ဇူလိုင်လဆန်းပိုင်းကဈေးထက် သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၄၀၀၀ ဝန်းကျင်အထိ ဈေးမြင့်တက်လာပါတယ်။ ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားတွေကတော့ ဗွီဆဲဗင်းကလွဲရင် ကျန်အမျိုးအစား တွေက တစ်အိတ်ကိုကျပ် ၈၀၀၀၀အထက်မှာပဲရပ်တည်နေပြီး ဝယ်လိုအားကောင်းလာရင် ဈေးအနည်းငယ် မြင့်တက်လာနိုင်ပါတယ်ဟု မန္တလေးပဲကုန်စည်ဒိုင်မှ ကုန်သည်ဦးမျိုးနိုင်က ဇူလိုင် ၂၈ရက်တွင် ဒီမိုကရေစီတူဒေးသို့ပြောကြားသည်။

မန္တလေးကုန်စည်ဒိုင်တွင် ယခုရက်ပိုင်း ကုလားပဲ (ထိုင်ဝမ်) တစ်အိတ်ကျပ် ၈၁၀၀၀၊ ကုလားပဲဖြူလုံးကြီး(ဗွီတူး) တစ်အိတ်ကျပ် ၈၂၅၀၀၊ မတ်ပဲတစ်အိတ်ကျပ် ၈၀၀၀၀၊ ပဲစင်းငုံ (ဖြူ)တစ်အိတ်ကျပ် ၉၀၀၀၀၊ ပဲစင်းငုံ(နီ)တစ်အိတ်ကျပ် ၉၈၀၀၀၊ စားတော်ပဲ(ကနေဒါ)ကျပ် ၈၂၀၀၀၊ မြေထောက်ပဲတစ်အိတ် ကျပ် ၁၃၀၀၀၊ ပဲတီစိမ်းတစ်အိတ်ကျပ် ၁၁၃၀၀၀၊ ပဲကြီးတစ်အိတ် ကျပ် ၁၀၈၀၀၀၊ နှမ်းဖြူတစ်အိတ် ကျပ် ၁၇၀၀၀၀၊ နှမ်းနက်(စမုံ)တစ်အိတ် ကျပ် ၂၈၂၀၀၀၊ နှမ်းညိုတစ်အိတ်ကျပ် ၁၅၅၀၀၀ ဈေးနှုန်းအသီးသီးရှိနေကြောင်းသိရသည်။

**Source: democracytoday**

https://yangonmedia.com/business/%e1%80%90%e1%82%90%e1%80%af%e1%80%90%e1

## ဂျပန်နိုင်ငံ စက်မှုပစ္စည်းထုတ်လုပ်မှု သုံးလအတွင်း ပထမဆုံးအကြိမ်ကျဆင်း

ဂျပန်နိုင်ငံ၏ စက်မှုပစ္စည်းထုတ်လုပ်မှုသည် သုံးလတာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဇွန်လတွင် ကျဆင်းခဲ့ကြောင်းသိရသည်။ စက်မှုပစ္စည်းထုတ်လုပ်မှုသည် မေလမှစတင်ကာ ၃ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း စီးပွားရေးဝန်ကြီးကဖော်ပြသည်။ မော်တော်ကားများ ထုတ်လုပ်မှုနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်မှုလျော့နည်းသွားသည့် အတွက် စက်မှုထုတ်ကုန်ကျဆင်းမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ပြီးခဲ့သည့်နှစ်လအတွင်း တိုးတက်မှုများရရှိခဲ့ပြီးနောက်တွင် စက်မှုထုတ်ကုန်ကျဆင်းမှုဖြစ်လာခဲ့ကြောင်း ဝန်ကြီးဌာနအာဏာပိုင်များက ထောက်ပြခဲ့သည်။ပြီးခဲ့သည့် ဧပြီလမှဇွန်လအထိ စက်မှုပစ္စည်းထုတ်လုပ်မှုသည် ယခင်လေးလပတ် ထုတ်လုပ်မှုပမာဏ၏ ရာခိုင်နှုန်းထက်ဝက်ခန့် တိုးတက်မှုရှိခဲ့ကြောင်းသိရသည်။ အာဏာပိုင်များသည် လာမည့်လများ အတွက် သုံးသပ်ချက်များကိုလည်းဖော်ပြခဲ့သည်။ ဇူလိုင်လအတွင်း ထုတ်လုပ်မှု ၂ ဒသမ ၇

ရာခိုင်နှုန်းနှင့် ဩဂုတ်လတွင် ၀ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာရန် ခန့်မှန်းတွက်ချက်ခဲ့သည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## STOCK EXCHANGE (31.7.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 31st Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 1,716 | 18,876,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 4,671 | 15,647,850 | 38,929,150 | 130,413 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 25 | 200,000 | 10,400,986 | 83,208 |
| FPB | 00004 | 24,500 | +0 | +0.00% | 24,500 | 24,500 | 24,500 | 7 | 171,500 | 2,472,053 | 60,565 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 0 | 0 | 12,212,906 | 37,249 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 446.57 | +0.00 | +0.00% | 446.57 | 446.57 | 446.57 | 6,419 | 34,895,350 | 5 | 609,675 |

**Index chart**




# Market Overview

As of 1:00 pm, 31st Jul. 2019

| MYANPIX | 446.57 ▲ 0.00 |
|---|---|
| Total Volume (shares) | 6,419 |
| Total Value (MMK) | 35 mil |
| Listed Company | 5 |
| Market Cap. (MMK) | 609,675 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 24,500 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |